**Takeda ကုမ္ပဏီ**
ကာကွယ်ဆေးအတွက်
(၂၀၂၂ ခုနှစ် မေလ)

# Covid-19 ကာကွယ်ဆေးအတွက် ညွှန်ကြားချက်များ (ထပ်ဆောင်း (တတိယအကြိမ်မြောက်) ထိုးနှံမှုအတွက်)

**Covid-19ကာကွယ်ဆေးထိုးနှံခြင်း**

ဤကာကွယ်ဆေးထိုးနှံခြင်းသည် နိုင်ငံတော်နှင့် ဒေသခံအစိုးရတို့၏ Covid-19 (SARS-CoV-2) ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ဤကာကွယ်ဆေးကို ပြည်သူ့ရန်ပုံငွေဖြင့် ထောက်ပံ့ထားပြီး ထိုးနှံလိုသူများ အခမဲ့ထိုးနှံ နိုင်ပါသည်။ ဤကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့် ၁၈ နှစ်အထက်ရှိသူများ ထိုးနှံနိုင်ပါသည်။

**ကာကွယ်ဆေး၏ အာနိသင်နှင့် ကာကွယ်ဆေးထိုးပုံထိုးနည်း**

အိုမီခရွန် ပိုးအမျိုးအစား မပေါ်မီက ဒေတာဖြစ်သော်လည်း၊ အသက် ၁၈ နှစ်နှင့်အထက်ရှိသူများအား ထိုးနှံပြီး အကောင်အထည်ဖော်ထားသော ရောဂါဗေဒစမ်းသပ်မှုတွင်၊ ဤဆေးကို ထပ်ဆောင်းထိုးနှံပြီးနောက် ၂၈ ရက်အကြာရှိ Neutralizing antibody ပမာဏမှာ၊ ဤဆေးကို ဒုတိယအကြိမ်ထိုးနှံမှုအပြီး ၁၄ ရက်အကြာရှိ Neutralizing antibody ပမာဏထက် ပျမ်းမျှ ၄ဆခန့် တန်ဖိုးမြင့်တက်လာကာ၊ အတိုင်းအတာတစ်ခုအထိ ထိရောက်မှုကို မျှော်လင့်နိုင်သည်။ အစောဆုံးအကြိမ် (ပထမအကြိမ်မြောက်၊ ဒုတိယအကြိမ်မြောက်) ထိုးနှံမှုတွင် ဤဆေးမဟုတ်သည့် အခြားကာကွယ်ဆေးကို ထိုးနှံပြီး၊ ထပ်ဆောင်းထိုးနှံရာတွင် ဤဆေးကို (အမျိုးအစားမတူသော ဆေးထိုးနှံမှု) ထိုးနှံခဲ့သည့်အခါအတွက် သိထားသည်များမှာ လက်ရှိအချိန်တွင် အကန့်အသတ်တစ်ခုမျှသာ ဖြစ်သော်လည်း၊ နိုင်ငံရပ်ခြားတွင် အကောင်အထည်ဖော်ခဲ့သည့် စမ်းသပ်မှုတွင်၊ ဂျပန်၌ ဆေးဝါးထောက်ခံမှုရရှိထားသော ကာကွယ်ဆေးထိုးရမည့် အချိန်ကွာခြားချက်နှင့် ကွဲလွဲနေသည်ကို သိထားရန်လိုအပ်သည်။ သို့သော် ဤဆေးကို တတိယအကြိမ်တွင် ထိုးနှံခြင်းဖြင့် Neutralizing antibody ပမာဏကို တိုးမြင့်စေသည်ဟု အစီရင်ခံထားသည်။

| | |
|---|---|
| ရောင်းချသည့်အမည် | Comirnaty® အသားတွင်း ထိုးသွင်းခြင်း |
| ထိရောက်မှုနှင့် အကျိုးဆက်များ | SARS-CoV-2 ကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါကို ကာကွယ်ခြင်း |
| ကာကွယ်ဆေးထိုးရမည့် အကြိမ်အရေအတွက်နှင့် အချိန်ကွာခြားချက် | ၁ ကြိမ် (ဒုတိယအကြိမ် ထိုးနှံမှုပြီးစီးပြီးနောက်မှ သတ်မှတ်ထားသော အချိန်ကွာခြားချက်ကို ကျော်လွန်သွားပြီးနောက်) * အသားတွင်း ထိုးသွင်းခြင်း |
| ကာကွယ်ဆေးထိုးရမည့်သူ | အသက် ၁၈ နှစ်နှင့် ၁၈ နှစ်အထက်ရှိသူများ |
| ထိုးနှံရမည့် ပမာဏ | တစ်ခါထိုးလျှင် 0.5 mL ကို ၁ ကြိမ် |

- ကာကွယ်ဆေးထိုးနှံရေးဥပဒေကို အခြေပြုပြီး တတိယအကြိမ်မြောက်ထိုးနှံသည်အထိ အချိန်ကွာခြားချက်မှာ၊ ဒုတိယအကြိမ်မြောက်ထိုးနှံမှု ပြီးဆုံးပြီးနောက် ၆ လနှင့်အထက် ကျော်ပြီးနောက်တွင် ထိုးနှံရမည်။
- ပထမအကြိမ်နှင့် ဒုတိယအကြိမ်ထိုးနှံရာတွင် အသုံးပြုခဲ့သော ကာကွယ်ဆေးအမျိုးအစားနှင့် မသက်ဆိုင်ဘဲ၊ ဤကာကွယ်ဆေးကို ထိုးနှံနိုင်ပါသည်။
- ဤကာကွယ်ဆေးကို ထပ်ဆောင်းထိုးနှံပြီးသော်လည်း ရောဂါလက္ခဏာပြသခြင်းစသည်တို့ကို အပြည့်အဝ ကာကွယ်နိုင်လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် သင့်လျော်သော ကူးစက်ရောဂါ ကာကွယ်ရေးဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သင့်ပါသည် ။

**ကာကွယ်ဆေး မထိုးနှံနိုင်သူများ**

ဤကာကွယ်ဆေးကို အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိသည့် လူများမထိုးနှံနိုင်ပါ။ အောက်ပါအချက်များနှင့် ကိုက်ညီနေသည် ဟု သင်ထင်ပါက ကာကွယ်ဆေးမထိုးခင် ဆွေးနွေးတိုင်ပင်ချိန်တွင် ဆရာဝန်ကို ပြောပြပါ။

- အဖျားသိသိသာသာရှိသူများ (*1)
- ရောဂါ ပြင်းထန်စွာခံစားနေရသူများ
- ဤကာကွယ်ဆေး၏ ပါဝင်ပစ္စည်းများရှိအရာများနှင့် ဓာတ်မတည့်သူများ (*2)
- အထက်တွင်ပြထားသောအချက်များအပြင် ကာကွယ်ဆေးထိုးနှံရန် မသင့်လျော်သော အခြား အခြေအနေများရှိသည့်သူများ

(*1) သိသာထင်ရှားသည့် အဖျားဆိုသည်မှာ အများအားဖြင့် 37.5℃ သို့မဟုတ် ပိုမြင့်သည့် အခြေအနေဟု သတ်မှတ်သည်။ သို့သော် အပူချိန် သည် 37.5℃ အောက်တွင် ရှိနေစေကာမူ ပုံမှန်ကိုယ်ခန္ဓာအပူချိန်ဖြင့် အဖျားရှိနေသည့် သူများလည်းရှိသည်။

(*2) ပြင်းထန်သောဓာတ်မတည့်မှု၊ အထွေထွေအရေပြားနှင့် ချွဲအမြှေးပါးရောဂါလက္ခဏာများ၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူမဝ ခြင်း (dyspnea)၊ နှလုံးခုန်မြန်ခြင်း (tachycardia) နှင့် သွေးပေါင်ကျခြင်းအပါအဝင် စသည့် ပြင်းထန်သော ဓာတ်မတည့်မှုကို ဖြစ်စေနိုင်သည့် ရောဂါလက္ခဏာများ။ ပထမအကြိမ် သို့မဟုတ် ဒုတိယအကြိမ် ထိုးနှံမှုတွင် ဖော်ပြပါရောဂါလက္ခဏာများ ရှိသည်ဟု အတည်ပြုခံခဲ့ရသူများမှာ တူညီသော ကာကွယ်ဆေးအမျိုးအစားကို အသုံးပြုပြီး ထပ်ဆောင်းထိုးနှံမှု ပြုလုပ်၍မရနိုင်ပါ။

**ကာကွယ်ဆေးထိုးရာတွင် ဂရုပြုသင့်သည်သူများ**

အောက်ပါအခြေအနေများထဲမှ တစ်ခုခုနှင့်ကိုက်ညီသူများသည် ဤကာကွယ်ဆေးထိုးနှံရန်အတွက် သတိထားသင့်သည်။ အောက် ပါအချက်များထဲတွင် သင့်နှင့်ကိုက်ညီသည့်အချက်ပါရှိသည်ဟု ယူဆပါက ကာကွယ်ဆေးမထိုးခင် ဆွေးနွေးတိုင်ပင်ချိန်တွင် ဆရာဝန် ကို ပြောပြပါ။

- Anticoagulant (သွေးကျဲစေခြင်း) ကုထုံးပြုလုပ်နေသူများ၊ Thrombocytopenia (သွေးမှုန်အရေအတွက်နည်းခြင်း) နှင့် Coagulation (သွေးခဲခြင်း) ရောဂါရှိသူများ
- ယခင် ခုခံအားကျဆင်းသည့်ရောဂါကုသမှုခံယူဖူးသူများ သို့မဟုတ် အမျိုးထဲတွင် မွေးရာပါခုခံအားကျဆင်းသည့်ရောဂါရှိသူများ
- နှလုံး၊ ကျောက်ကပ်၊ အသည်း၊ သွေးရောဂါ သို့မဟုတ် ကြီးထွားနှုန်းနှေးကွေးသည့် ဝေဒနာများကဲ့သို့သော ရောဂါအခံရှိသူများ
- ယခင်က ကာကွယ်ဆေးထိုးခံခဲ့ပြီး ၂ ရက်အတွင်းဖျားနာခြင်း သို့မဟုတ် ခန္ဓာကိုယ်အနှံ့ အဖုအပိန့်များထွက်ခြင်းစသည့် ဓာတ်မတည့်မှုကိုဖော်ပြသည့်ရောဂါလက္ခဏာများကိုကြုံတွေ့ခဲ့ကြရသူများ
- ယခင် အတက်ရောဂါရှိခဲ့သူများ
- ဤကာကွယ်ဆေးတွင် ပါဝင်သော ပစ္စည်းများနှင့် ဓါတ်မတည့်နိုင်ခြေရှိသူများ

**(ကျောဘက်သို့ ဆက်ဖတ်ပါ)**

အကယ်၍ သင်သည် ကိုယ်ဝန်ရှိနေပါက သို့မဟုတ် ကိုယ်ဝန်ရှိနိုင်ပါက ရင်သွေးငယ်အားနို့တိုက်နေသည်ဆိုပါက ကာကွယ်ဆေး မထိုးမီ တိုင်ပင်ဆွေးနွေးချိန်တွင် ဆရာဝန်ကို အသိပေးပါ။ သို့သော် မိသားစုဆရာဝန်ဖြစ်သည့် သားဖွားမီးယပ်အထူးကုထံတွင် အတည်ပြုထားခြင်းမရှိလျှင်ပင်၊ ကြိုတင်ကာကွယ်ဆေးထိုးနှံပေးသည့်ဆရာဝန်မှ ကာကွယ်ဆေးထိုးနှံနိုင်သည်ဟု ဆုံးဖြတ်လိုက်ပါက၊ ထိုးနှံနိုင်ပါသည်။

ဤထုတ်ကုန်တွင် ယခင်က ကာကွယ်ဆေးများတွင် တစ်ခါမျှအသုံးမပြုခဲ့ဖူးသည့် ဖြည့်စွက်ပစ္စည်းတစ်ခုပါဝင်သည်။ အကယ်၍ သင်သည် ယခင်က ဆေးဝါးများကို ပြင်းထန်စွာတုံ့ပြန်ခြင်း သို့မဟုတ် ဓာတ်မတည့်မှုများရှိခဲ့ပါက ကာကွယ်ဆေးမထိုးမီ တိုင်ပင် ဆွေးနွေးချိန်တွင် ဆရာဝန်ကို အသိပေးပါ။

**ကာကွယ်ဆေးထိုးနှံပြီးနောက် ဘာလုပ်ရမလဲ**

- ဤကာကွယ်ဆေးကို ထိုးနှံပြီးသည့်နောက် ကာကွယ်ဆေးထိုးနှံသည့်နေရာတွင် အနည်းဆုံး ၁၅ မိနစ် (ယခင်က ခန္ဓာကိုယ်တွင်း တုံ့ပြန်မှုလွန်ကဲခြင်းအပါအဝင် ပြင်းထန်သည့် ဓာတ်မတည့်မှုလက္ခဏာများခံစားခဲ့ရသူများ သို့မဟုတ် ဖျားနာခြင်း သို့မဟုတ် မူးမေ့ခြင်းများခံစားခဲ့ရသူများအတွက် မိနစ် ၃၀) စောင့်ဆိုင်းပြီး ထူးခြားသည့်လက္ခဏာများ ခံစားရပါက ဆရာဝန်ကို ချက်ချင်း အကြောင်းကြားပါ။ (ရုတ်တရက်ဖြစ်ပေါ် နိုင်သည့် ဘေးထွက်ဆိုးကျိုးများကို ကုသနိုင်ပါသည်။)
- ဆေးထိုးထားသည့်နေရာကို သန့်ရှင်းစင်ကြယ်စွာထားပါ။ ကာကွယ်ဆေးထိုးသည့်နေ့တွင် ရေချိုး၍ရသော်လည်း ဆေးထိုးထား သောနေရာကို မပွတ်တိုက်ပါနှင့်။ ထို့အပြင် ဆေးထိုးနှံပြီးနောက် နေထိုင်မကောင်းဖြစ်လာပါက မတတ်သာသည်ကိုမလုပ်ဘဲ၊ ရေမချိုးခြင်းစသည် ခန္ဓာကိုယ်အခြေအနေကို ကြည့်ရှုပါ။
- ပုံမှန်အတိုင်း သွားလာနေထိုင်မှုမှာ ပြဿနာမရှိသော်လည်း၊ ကာကွယ်ဆေးထိုးနှံခဲ့သည့်နေ့တွင် ပြင်းထန်သော လေ့ကျင့်ခန်းများနှင့် အရက်အလွန်အကျွံသောက်ခြင်း စသည်တို့ကို မလုပ်ပါနှင့်။

**ဘေးထွက်ဆိုးကျိုးများ**

- အဓိက ဘေးထွက်ဆိုးကျိုးများမှာ ဆေးထိုးထားသည့်နေရာတွင် နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်နှင့် ကြွက်သား နာကျင်ခြင်း၊ မောပန်းခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း နှင့် ဖျားနာခြင်းတို့ပါဝင်ပါသည်။ ဖြစ်နိုင်ခြေနည်းပါးသော ပြင်းထန်သည့် ဘေးထွက်ဆိုးကျိုးများမှာ ရုတ်တရက်သွေးပေါင်အလွန်အမင်းကျဆင်းခြင်းနှင့် ပြင်းထန်သောဓာတ်မတည့်မှု (Anaplylaxis)တို့ ဖြစ်သည်။ ဤကာကွယ်ဆေးသည် ကာကွယ်ဆေးအသစ်တစ်မျိုးဖြစ် သောကြောင့် ယခုအချိန်အထိ သိရှိထားခြင်းမရှိသေးသော ရောဂါလက္ခဏာများ ဖြစ်ပွားနိုင်ခြေရှိပါသည်။ ကာကွယ်ဆေးထိုးနှံပြီး နောက် ရောဂါလက္ခဏာတစ်ခုခုကို သတိပြုမိပါက ကာကွယ်ဆေး ထိုးပေးသည့်ဆရာဝန် သို့မဟုတ် မိသားစုဆရာဝန်နှင့် တိုင်ပင်ပါ။
- ကြုံတောင့်ကြုံခဲဖြစ်စဉ်မျိုးဖြစ်သော်လည်း ကာကွယ်ဆေးထိုးနှံပြီးနောက် ရောဂါလက္ခဏာ ပြင်းထန်မှု အတန်အသင့်ရှိသော နှလုံးကြွက်သားရောင်ရမ်းခြင်းနှင့် နှလုံးအမြှေးပါးရောင်ရမ်းခြင်းတို့ ဖြစ်တတ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။(*) ဆေးထိုးနှံပြီးနောက် ရက်အနည်းငယ်အတွင်း ရင်ဘက်အောင့်ခြင်းနှင့် နှလုံးခုန်နှုန်း မူမမှန်ခြင်း၊ အသက်ရှူကြပ်ခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းခြင်း ကဲ့သို့သော ရောဂါလက္ခဏာများ ထွက်ပေါ်လာပါက၊ ဆေးကုသမှုအဖွဲ့အစည်းများနှင့် စဆာလျှင်စွာ တိုင်ပင် ဆွေးနွေးပါ။

(*) ပထမအကြိမ်ထက် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးပြီးနောက်တွင် အဖြစ်များပြီး၊ လူငယ်လူရွယ်များ၊ အထူးသဖြင့် အမျိုးသားများတွင် အဖြစ်များတတ်ကြောင်း တွေ့ရှိရသည်။

**ကာကွယ်ဆေးထိုးခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုဖြစ်စဉ်အတွက် ငွေကြေးထောက်ပံ့ရေးစနစ်အကြောင်း**

ကာကွယ်ဆေးထိုးခြင်းသည် ကျန်းမာရေးထိခိုက်မှုများကို (ရောဂါ သို့မဟုတ် မသန်စွမ်းမှု) ဖြစ်စေနိုင်သည်။ အလွန်ပင် ဖြစ်နိုင်ခြေ နည်းပါးသော်လည်း အကျိုးဆက်ကို တွက်ထားရမည်ဖြစ်ပြီး ဤအကြောင်းပြချက်ဖြင့် ကယ်ဆယ်ရေးစနစ်တစ်ခုကို တည်ဆောက် ထားပါသည်။

Covid-19 ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုများဖြစ်ပွားပါက ကာကွယ်ဆေးထိုးနှံရေးဥပဒေအရ ကယ်ဆယ် ရေး (ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ်များ၊ မသန်စွမ်းပင်စင်လစာစသည်တို့ ထောက်ပံ့ခြင်း) တို့ကို ရရှိနိုင်ပါသည်။ လျှောက်လွှာ တင်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ သင့်နေထိုင်ရာအရပ်ရှိ မြို့၊ မြို့နယ်၊ ကျေးရွာရုံးနှင့် တိုင်ပင်ပါ။

---

**Covid-19ကူးစက်ရောဂါအကြောင်း**

SARS-CoV-2 ကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါတွင် ဖျားနာခြင်းနှင့် ချောင်းဆိုးခြင်းကဲ့သို့သော အအေးမိခြင်းနှင့်ဆင်တူ သည့် ရောဂါလက္ခဏာများကို တွေ့မြင်ရသည်။လူအများစုသည် ရောဂါလက္ခဏာအနည်းအကျဉ်းဖြင့် နာလန်ထူနိုင်ကြသော်လည်း ပြင်းထန်သောအခြေအနေများတွင် အသက်ရှူရခက်ခြင်းစသည့် အဆုတ်ရောင်ရောဂါလက္ခဏာများ ပို၍ဆိုးရွားလာကာ သေဆုံး နိုင်သည်။

**ယခုတစ်ကြိမ်တွင် ထိုးနှံမည့် Covid-19ကာကွယ်ဆေး (Takeda ကုမ္ပဏီမှထုတ်လုပ်သော ကာကွယ်ဆေး) ၏ လက္ခဏာများ**

ဤဆေးသည် Recombinant protein ကာကွယ်ဆေးဖြစ်ပြီး၊ SARS-CoV-2 ၏ Spike Protein ( ဗိုင်းရပ်စ်က လူ့ ဆဲလ်များထဲသို့ ဝင်ရောက်ရန်လိုအပ်သော ပရိုတင်းတစ်ခု) ၏ မျိုးရိုးဗီဇပေါ်မူတည်ပြီး ထုတ်လုပ်ထားသော Recombinant protein ဓာတ်ကို Nanoparticulate ဖြစ်အောင်ဖော်စပ်ထားသောဆေးဖြစ်ကာ၊ ခုခံအားတက်ကြွမှုကို မြှင့်တင်ရန် adjuvants များကိုထည့်သွင်းထားသည်။ ဤကာကွယ်ဆေးထိုးနှံပြီး Recombinant protein ဓာတ်ကို လူသားများ၏ဆဲလ်အတွင်း ရောက်ရှိစေကာ mRNA အပေါ် အခြေပြု၍ ဆဲလ်များတွင် ဗိုင်းရပ်စ်၏ Spike Protein ထုတ်လုပ်ပြီး Spike Protein ကို တုန့်ပြန်သည့် Neutralizing antibody (NAb) ဖြစ်ပေါ်စေပြီး Cell-mediated Immune Response ကို ရရှိစေကာ SARS-CoV-2 ကြောင့်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများကို ကာကွယ်တားဆီးပေးသည်ဟု ထင်မြင်ယူဆရသည်။

ဤဆေးတွင် အောက်ပါပစ္စည်းများ ပါဝင်ပါသည်။

| | |
|---|---|
| ပါဝင်ပစ္စည်းများ | ✧ SARS-CoV-2 rS (SARS-CoV-2 ၏ Recombinant protein ဓာတ်) |
| ဖြည့်စွက်ချက်များ | ✧ Matrix-A (မှတ်ချက်)<br>✧ Matrix-C (မှတ်ချက်)<br>✧ ဒီဆိုဒီယမ်ဒိုင်ဟိုက်ဒရိုဂျင် ဖော့စဖိတ် မိုနိုဟိုက်ဒရိတ်<br>✧ ဆိုဒီယမ်ဒိုင်ဟိုက်ဒရိုဂျင် ဖော့စဖိတ် မိုနိုဟိုက်ဒရိတ်<br>✧ ဆိုဒီယမ် ကလိုရိုက်<br>✧ Polysorbate 80 ✧ pH ထိန်းညှိဆေး |

မှတ်ချက်) ဖြည့်စွက်ပစ္စည်းများအဖြစ် ကိုလက်စထရော၊ phosphatidylcholine, ဒီဆိုဒီယမ်ဒိုင်ဟိုက်ဒရိုဂျင် ဖော့စဖိတ် ဒီဟိုက်ဒရိတ်၊ ပိုတက်ဆီယမ် ဒီဟိုက်ဒရိုဂျင် ဖော့စဖိတ်၊ ပိုတက်ဆီယမ် ကလိုရိုက် နှင့် ဆိုဒီယမ် ကလိုရိုက် တို့ ပါဝင်သည်။

Covid-19 ကာကွယ်ဆေး၏ ထိရောက်မှုနှင့်လုံခြုံစိတ်ချရမှုဆိုင်ရာအချက်အလက်များကို ပိုမိုသိရှိရန် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်၏ စာမျက်နှာကို ကြည့်ရှုပါ။

ကျန်းမာရေး၊အလုပ်သမားဝန်ကြီးဌာန Covid-19 ကာကွယ်ဆေး Search

ဝက်ဘ်ဆိုက်ကိုကြည့်ရှု၍မရပါက သင်နေထိုင်ရာ မြို့၊ မြို့နယ်၊ ကျေးရွာရုံးကို ဆက်သွယ်ပါ။